# ပြန်လည်ပူးပေါင်းလာသူကို ကေအဲန်ယူ ဗိုလ်ကြီးအဆင့်ဟု နအဖ သတင်းစာ လုပ်ကြံရေးသား

**မေလ ၁၆ရက်။ ကေအိုင်စီ**

စစ်အစိုးရ၏ မေလ(၁၆)ရက်နေ့ထုတ် မြန်မာ့အလင်း သတင်းစာ နောက်ကျောဖုံးသတင်းတွင် ထို့ကော်ကိုးသို့ ပြန်လည်ပူးပေါင်းလာသည့် စောစိန်မောင်ဌေးကို ကေအဲန်ယူမှ ဗိုလ်ကြီးအဆင့်ဟု ဖော်ပြထားခြင်းမှာ လုပ်ကြံရေးသားချက်တခုသာဖြစ်ကြောင်း ကေအဲန်ယူက ပြောသည်။

ထိုနေ့သတင်းစာတွင် ကေအဲန်ယူ ဗဟိုအထူးတပ်ရင်း(၂၀၁)မှ ဗိုလ်ကြီးအဆင့်ရှိ စောစိန်မောင်ဌေး ဦးစီးတပ်ရင်း(၂၀၁)နှင့် တပ်ရင်း(၁၆)မှ တပ်ဖွဲ့ဝင်အင်အား ၁၄ဦး၊ မိသားစုဝင် ၂၃ဦး စုစုပေါင်းအင်အား ၃၇ဦးသည် လက်နက်ငယ် ၁၀လက်၊ ခဲယမ်းမျိုးစုံနှင့်အတူ မေလ၁၃ရက်နေ့တွင် စောထိန်မောင်/စောနေစိုးမြအဖွဲ့တည်ရှိရာ ထို့ကော်ကိုးကျေးရွာသို့ ထပ်မံပူးပေါင်းရောက်ရှိလာခဲ့သည်ဟု သတင်းဖော်ပြထားသည်။

ကေအဲန်ယူ တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်မှူးစောလှငွေက “ကျနော်တို့သိရသလောက် ကေအဲန်ယူက ဒီရက်ပိုင်းမှာ နအဖနဲ့ ပြန်ပေါင်းသွားတာ၊ ငြိမ်းချမ်းရေးပြန်လုပ်သွားတာ မကြားမိပါဘူး။ နောက်တခုက အထူးတပ်ရင်း(၂၀၁)နဲ့ တပ်ရင်း(၁၆)ဆိုတာက တနေရာစီပဲဆိုတော့ မဖြစ်နိုင်ဘူး။ ကျနော်တို့ဆီကို အောက်ခြေကသတင်းပို့လာတာလည်း မရှိဘူး။ ဒါတွေက နအဖရဲ့လုပ်နေကျ လုပ်ကြံမှုတခုပါ”ဟု ဆိုသည်။

ထိုကိစ္စနှင့်ပတ်သက်၍ ကရင်သတင်းစဉ်က ကေအဲန်ယူ ဗဟိုအထူးတပ်ရင်း(၂၀၁) ရုံးထိုင်မှူး ဗိုလ်ကြီးစောကြည်အောင်အား ဆက်သွယ်မေးမြန်းရာတွင် စောစိန်မောင်ဌေးဆိုသူသည် ဗိုလ်ကြီးအဆင့်ရှိသူလည်းမဟုတ်၊ လက်ရှိ (၂၀၁)တပ်ဖွဲ့ဝင်တဦးလည်းမဟုတ်ဘဲ သာမန်အရပ်သားတဦးသာဖြစ်သည်ဟု ပြန်လည်ဖြေဆိုခဲ့သည်။

ယခုနှစ် မတ်လ ၃၀ရက်နေ့ကလည်း ကေအဲန်ယူမှ စောနေစိုးမြ ဦးစီးသည့် တပ်ဖွဲ့ဝင် မိသားစု ၁၅၉ဦးသည် ကေအဲန်ယူ–ကေအဲန်အယ်လ်အေ ငြိမ်းချမ်းရေးကောင်စီအဖွဲ့သို့ သွားရောက်ပူးပေါင်းခဲ့သည်။ ပြီးခဲ့သည့် မေလ (၄)ရက်နေ့ကလည်း ငြိမ်းချမ်းရေးကောင်စီမှ တပ်ရင်း(၇၀၄)၏ ဒုရင်းမှူးဗိုလ်မှူးစောလေးမူးနှင့် မိသားစုသည် ကေအဲန်ယူ တပ်မဟာ(၇)သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ဓာတ်ပုံ–ကြေးမုံသတင်းစာ

